**ထုတ်ပြန်ကြေငြာချက် – 'အာဆီယံ၏အနိမ့်ဆုံးအောက်ခြေ' အလုပ်ရုံဆွေးနွေးပွဲ၊ အာဆီယံအရပ်ဘက်လူမှုအဖွဲ့အစည်းညီလာခံ/အာဆီယံပြည်သူ့ဖိုရမ် ၂၀၁၄၊ ရန်ကုန်၊ မြန်မာ**

မတ်လ ၂၂ ရက်နေ့တွင် မဲခေါင်ဒေသရွှေ့ပြောင်းအလုပ်သမားများကွန်ယက် (MMN) မှ 'အာဆီယံ၏အနိမ့်ဆုံးအောက်ခြေ' အမည်ရှိ အလုပ်ရုံဆွေးနွေးပွဲကို မြန်မာနိုင်ငံ ရန်ကုန်မြို့တွင်ကျင်းပသော ၁၁ ကြိမ်မြောက် အာဆီယံအရပ်ဘက်လူမှုအဖွဲ့အစည်းညီလာခံ /အာဆီယံပြည်သူ့ဖိုရမ်တွင် ကျင်းပပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံရှိ စက်မှုဇုန်များမှ အလုပ်သမား ၅၀ ဦးနှင့် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်ပင်မြို့တွင် မကြာသေးခင်ကဖြစ်ပွားခဲ့သော အထည်ချုပ်စက်ရုံအလုပ်သမားများ၏ ဆန္ဒပြပွဲများတွင် တက်ကြွစွာပါဝင်လျက်ရှိသည့် ကမ္ဘောဒီးယားအလုပ်သမား အရေးလှုပ်ရှားသူများ အပါအဝင် နိုင်ငံပေါင်း ၁၅ နိုင်ငံမှ စုစုပေါင်း အယောက် ၁၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

MMN ၏ Regional Coordinator ဖြစ်သော Ms. Reiko Harima မှ အာဆီယံတွင်းတွင် လုပ်ခလစာအနည်းဆုံးနှင့် အလုပ်သမား အခွင့်အရေးကာကွယ်စောင့်ရှောက်မှု အခြေခံစံများအနည်းဆုံး ရှိသည်ဟု သတ်မှတ်ထားသော မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံများရှိ လတ်တလော ရင်းနှီးမြှုပ်နှံမှုအခြေအနေများသည် အနိမ့်ဆုံးအောက်ခြေသို့ အပြိုင်အဆိုင်ဦးတည်နေခြင်းအား ပိုမိုဆိုးရွားသွားစေနိုင်ပြီး၊ ထိုနိုင်ငံများနှင့် ဒေသတွင်းရှိ အလုပ်သမားများအား ကာကွယ်စောင့်ရှောက်မှုအခြေခံစံများအား နိမ့်ပါးသွားစေနိုင်သည်ဟု MMN ၏ စိုးရိမ်မှုများကို ရှင်းပြပေးခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့တွင် အခြေခံကုန်ပစ္စည်းများကို ဝယ်ယူနိုင်ရန် အလုပ်သမားများ မည်မျှကြာမြင့်အောင် အလုပ်လုပ်ကိုင်ရသည်ကို တက်ရောက်သူများအားလုံးမှ တွက်ချက်ကြရသည့် အပြန်အလှန်ဆွေးနွေးပါဝင်သည့် လှုပ်ရှားမှုတစ်ခုဖြင့် အလုပ်ရုံဆွေးနွေးပွဲအား စတင်ခဲ့သည်။ ထို့နောက် ထိုတွက်ချက်မှုများအား ရင်းနှီးမြှုပ်နှံသည့်နိုင်ငံများဖြစ်ကြသော ဂျပန်နှင့် အင်္ဂလန်နိုင်ငံများမှ လုပ်ခလစာများနှင့် ဝယ်လိုအား စသည်တို့နှင့် နှိုင်းယှဉ်ခဲ့ကြသည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံတွင် အနိမ့်ဆုံးလုပ်ခလစာရရှိသော အလုပ်သမားများသည် ဆန် ၁ ကီလိုကို ဝယ်ယူနိုင်ရန် ၃ နာရီကျော် အလုပ်လုပ်ကိုင်ကြရသော်လည်း၊ ဂျပန်နိုင်ငံတွင်မူ အနိမ့်ဆုံးလုပ်ခလစာ ရရှိသော အလုပ်သမားများသည် မိနစ် ၂၀ သာ အလုပ်လုပ်ကိုင်ကြရသည်။

ထို့နောက် ပါဝင်ဆွေးနွေးသူများ၏ ဆွေးနွေးတင်ပြမှုများကို ဆက်လက် ပြုလုပ်ခဲ့သည်။ MMN Steering Committee ၏ သဘာပတိဖြစ်သော Ms. Vichuta Ly မှ အာဆီယံဒေသတွင်း စီးပွားရေးပူးပေါင်းလုပ်ဆောင်မှုအခြေအနေများနှင့် မြန်မာနိုင်ငံရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများပြားလာခြင်းကြောင့် ဖြစ်ပေါ်လာသည့် အခွင့်အလမ်းကောင်းများနှင့် နစ်နာဆုံးရှုံးမှုများကို ဆွေးနွေးတင်ပြပေးခဲ့သည်။ မြန်မာနိုင်ငံတွင် အမှန်တကယ် အောက်ခြေတွင်ဖြစ်ပျက်လျက်ရှိသည့် အလုပ်သမားရေးရာအခြေအနေများကို ၈၈ မျိုးဆက်ကျောင်းသားအဖွဲ့မှ မသက်သက်အောင် ဆွေးနွေးတင်ပြပေးခဲ့သည်။ မြန်မာအစိုးရနှင့် အခြားအာဆီယံနိုင်ငံများ၏ အစိုးရများအား ရွှေ့ပြောင်းအလုပ်သမားများအပါအဝင် အလုပ်သမားအားလုံး အတွက် အသက်ရှင်ရပ်တည်နိုင်ရန် လုံလောက်သည့် လုပ်ခပေးရန် သူမအနေဖြင့် တိုက်တွန်းအကြံပြုခဲ့သည်။ United Sisterhood Alliance မှ Ms. Thy Phalla သည် ကမ္ဘောဒီးယားတွင်ဖြစ်ပွားသော အနိမ့်ဆုံးလုပ်ခတိုးမြှင့်ပေးရေးဆန္ဒပြပွဲများတွင် တက်ကြွစွာပါဝင်နေသူ ဖြစ်သည်။ သူမမှ ကမ္ဘောဒီးယားနိုင်ငံရှိ အထည်ချုပ်အလုပ်သမားများနှင့် ၎င်းတို့၏ အလုပ်သမားသမဂ္ဂများ ရင်ဆိုင်နေရသည့် အခက်အခဲပြဿနာများနှင့် ဆန္ဒပြသူများအား အကြမ်းဖက်နှိမ်နင်းမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြပေးခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံမှ အလုပ်သမားများသည် လက်ရှိ ရရှိနေသော အနိမ့်ဆုံးလုပ်ခဖြင့် အသက်ရှင်ရပ်တည်ရန် မလုံလောက်သဖြင့် အစိုးရအား အနိမ့်ဆုံးလုပ်ခအား ဒေါ်လာ ၁၆၀ ထိ တိုးမြှင့်ပေးရန် တောင်းဆိုလျက်ရှိသည်။

Asia Pacific Forum on Women, Law and Development မှ မဝင့်သီရိအောင်မှ အချမ်းသာဆုံးလူ အယောက် ၃၀၀ သည် အဆင်းရဲဆုံးလူ သန်း ၃ ထောင်ထက် ချမ်းသာနေသည့်အချက်အား ထောက်ပြခြင်းဖြင့် လက်ရှိကျင့်သုံးလျက်ရှိသည့် နီယိုလစ်ဘရယ် တိုးတက်ဖွံ့ဖြိုးမှုပုံစံ၏အားနည်းချက်များကို တင်ပြဆွေးနွေးပေးခဲ့သည်။ ထို့အပြင် အသက်ရှင်ရပ်တည်ရန်လုံလောက်သည့် လုပ်ခရရှိရေး လုပ်ဆောင်လျက် ရှိသည့် ကမ္ဘောဒီးယားမှ အလုပ်သမားများအတွက် သွေးစည်းညီညွတ်မှုကို ဖော်ထုတ်ပြသရန် ကမ္ဘာတစ်ဝှမ်းတွင် လုပ်ဆောင်လျက်ရှိသော လှုံ့ဆော်မှုများနှင့် စပ်လျဉ်း၍လည်း ဆွေးနွေးတင်ပြပေးခဲ့သည်။

ပညာရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းမှ မဝေနှင်းပိုမှ အနိမ့်ဆုံးအောက်ခြေသို့ အပြိုင်အဆိုင် ဦးတည်နေသော အလားအလာများကြောင့် ရွှေ့ပြောင်းအလုပ်သမားများ ရင်ဆိုင်နေရသည့် နောက်ဆက်တွဲအကျိုးရလဒ်များအား အလေးပေး ဆွေးနွေးတင်ပြပေးခဲ့သည်။ ပမာဏကြီးမားသည့် ရင်းနှီးမြှုပ်နှံမှုများ သည် အတင်းအဓမ္မရွှေ့ပြောင်းစေခြင်းအပါအဝင် နိုင်ငံတွင်းနှင့် နိုင်ငံပြင်ပသို့ ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ခြင်းတို့ကို ပိုမို ဖြစ်ပွားစေသည်။ ရွှေ့ပြောင်းအလုပ်သမားများသည် ၎င်းတို့အလုပ်လုပ်ကိုင်လျက်ရှိသောနိုင်ငံများတွင် နိုင်ငံ့စီးပွားရေးအတွက် ၎င်းတို့၏ အရေးပါသောလုပ်ဆောင်မှုများ ရှိသော်လည်း အဆိုးရွားဆုံးသော လုပ်ငန်းခွင်အခြေအနေများတွင် အလုပ်လုပ်ကိုင်နေရပြီး၊ လုပ်ငန်းခွင်အတွင်းတွင်လည်း အနိမ့်ဆုံး ကာကွယ်စောင့်ရှောက်မှုများကိုသာ ရရှိခံစားနေရသည်။ ရွှေ့ပြောင်းအလုပ်သမားများအပါအဝင် အလုပ်သမားများအားလုံးကို ကာကွယ်စောင့်ရှောက်မှု ပေးသည့် ကောင်းမွန်သော စီးပွားရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ချမှတ်လုပ်ဆောင်သွားရန် သူမမှ အကြံပြုဆွေးနွေးတိုက်တွန်းခဲ့သည်။ နောက်ဆုံးအနေဖြင့်

Worker Rights Consortium မှ Mr Bent Gehrt မှ အလုပ်သမားများအား အခြားစက်ရုံများမှ အလုပ်သမားများ ရရှိသည့်လုပ်ခနှင့် နှိုင်းယှဉ်ပါက နှစ်ဆနီးပါးရှိသော အသက်ရှင်ရပ်တည်ရန်လုံလောက်သည့် လုပ်ခကိုပေးသည့် ဒိုမီနီကန်နိုင်ငံရှိ စက်ရုံတစ်ရုံအကြောင်း လေ့လာထားမှုကို တင်ပြဆွေးနွေးပေးခဲ့သည်။ ထိုသို့သောလုပ်ခပေးခြင်းသည် ဝယ်သူများအတွက် ထုတ်လုပ်သည့် အထည်များ၏ ကုန်ကျစရိတ်ကို မြှင့်တင်ခြင်းမပြုလုပ်ဘဲ ပေးခြင်းဖြစ်သည်။ ကုမ္ပဏီများအနေဖြင့် အလုပ်သမားများအား အသက်ရှင်ရပ်တည်ရန်လုံလောက်သည့် လုပ်ခပေးရန် ဖြစ်နိုင်ကြောင်းကို ဤလေ့လာမှုမှ ပြသနေပြီး၊ ထိုသို့လုပ်ဆောင်ရန်အတွက်မှာ လုပ်ဆောင်လိုသည့်ဆန္ဒသာ လိုအပ်ပေသည်။

နောက်ဆုံးအနေဖြင့် အာဆီယံဒေသ၏ အောက်ခြေရှိ မည်သည့် ဒေသခံအလုပ်သမားများနှင့် ရွှေ့ပြောင်းအလုပ်သမားများမဆို အလုပ်သမားများ အားလုံးသည် တူညီသည့် အခက်အခဲပြဿနာများကို ရင်ဆိုင်ကြုံတွေ့နေရသည် ဟူသောအချက်ကို အသိအမှတ်ပြုပြီး၊ အလုပ်သမား ကိုယ်စားလှယ်များနှင့် အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်သူများမှ တိုက်တွန်းအကြံပြုချက်များကို ဆွေးနွေးခဲ့ကြသည်။ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်သူများမှ အာဆီယံနိုင်ငံများ၏ အစိုးရများအား မိမိတို့၏ လွတ်လပ်စွာ ဖော်ထုတ်ပြောဆိုခွင့်၊ အသင်းအဖွဲ့ဖွဲ့စည်းခွင့်နှင့်စုဝေးခွင့် နှင့် ဆန္ဒထုတ်ဖော်ခွင့် စသည့်အခွင့်အရေးများကို ကျင့်သုံးနေသည့် အလုပ်သမားများအပေါ် ဖိနှိပ်ချုပ်ချယ်မှုအားလုံးကို ချက်ချင်း ရပ်တန့်ရန် တိုက်တွန်း ခဲ့ကြသည်။ ထို့အပြင် အစိုးရများအား အာဆီယံနိုင်ငံများအားလုံးတွင် အနိမ့်ဆုံးလုပ်ခသည် အသက်ရှင်ရပ်တည်ရန်လုံလောက်သော လုပ်ခဖြစ်ရေး အသေအချာလုပ်ဆောင်ရန်နှင့် လုပ်ငန်းခွင်အခြေအနေများကို တိုးတက်ကောင်းမွန်လာစေရေး လုပ်ဆောင်ရန် တိုက်တွန်းအကြံပြုခဲ့သည်။ ရင်းနှီးမြှုပ်နှံသူများသည် နိုင်ငံတွင်းရှိ အလုပ်သမားဥပဒေများသည် နိုင်ငံတကာအလုပ်သမားဥပဒေဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုမရှိသော်လည်း၊ နိုင်ငံတကာစံနှုန်းများကိုသာ လိုက်နာရန်လည်း တိုက်တွန်းအကြံပြုခဲ့သည်။

ဤအလုပ်ရုံဆွေးနွေးပွဲသည် မြန်မာအလုပ်သမားများနှင့် ကမ္ဘောဒီးယားအလုပ်သမားများအကြား ၎င်းတို့၏အတွေ့အကြုံများနှင့် တူညီသော အခက်အခဲပြဿနာများကို ရင်ဆိုင်ဖြေရှင်းနိုင်သည့် နည်းဗျူဟာများကို ဖလှယ်နိုင်သည့် အခွင့်အလမ်းကောင်းတစ်ရပ်ကို ဖန်တီးပေးနိုင်ခဲ့သည်။ ထို့အပြင် ကမ္ဘောဒီးယားနိုင်ငံမှ အလုပ်သမားများ၊ အထူးသဖြင့် ဖမ်းဆီးထိန်းသိမ်းခံနေရသော အလုပ်သမားများနှင့် သွေးစည်းညီညွတ်စွာ ရပ်တည်နေကြောင်း ဤအလုပ်ရုံဆွေးနွေးပွဲမှ အခိုင်အမာပြသနိုင်ခဲ့သည်။

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ဆက်သွယ်နိုင်ပါသည် –

Ms Hkun Sa Mun Htoi, MMN Information and Advocacy Officer, mun@mekongmigration.org, +95 (0)9 4500 68153

Ms Reiko Harima, MMN Regional Coordinator, reiko@mekongmigration.org, +85293692244

Ms Pranom Somwong, MMN Advocacy Convenor, p_somwong@yahoo.com, +66831887600